# ဝဲခမိကျေးရွာ

# သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်

# မွန်ပြည်နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝဲခမိကျေးရွာ သံဖြူဇရပ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊သံဖြူဇရပ်မြို့နယ်

ကကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ်၊ ဧပြီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝဲခမိကျေးရွာသယံဇာတပြမြေပုံ၊ သံဖြူဇရပ်နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၁ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၈ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၀ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၂ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက် ၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဧပြီလ၊ ၂၀၁၈ခု**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ဝဲခမိကျေးရွာ**
**သံဖြူဇရပ်မြို့နယ်**

# ဝဲခမိကျေးရွာ သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝဲခမိကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့တွင် တည်ရှိပါသည်။ ကျေးရွာ၏သံဖြူဇရပ်မြို့နှင့် (၁၇)မိုင်ခန့် ဝေးကွာပြီး သံဖြူဇရပ်မြို့၏ တောင်ဘက်တွင် တည်ရှိပါသည်။ ပင်လယ်ရေ မျက်နှာပြင်အထက် ပျှမ်းမျှအမြင့် (၈၀)ပေရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် အရှေ့ဘက်တွင် တောင်ညို တောင်တန်း၊ အနောက်ဘက်တွင် ထင်းရှူးကျေးရွာအုပ်စု၊ တောင်ဘက်တွင်ရေးမြို့နယ် ၊ မြောက်ဘက်တွင် စခမ်းကြီး ကျေးရွာ အုပ်စုတို့နှင့် နယ်နိမိတ်ချင်းထိဆက်လျှက်ရှိပါသည်။ ကျေးရွာ၏ မြေမျက်နှာပြင်သည် ညီညာပြန့်ပြူးခြင်းရှိပါသည်။ ကျေးရွာတွင် ကရင်လူမျိုးများသာ နေထိုင်ကြပြီး ဗုဒ္ဓဘာသာ နှင့် ခရစ်ယာန်ဘာသာကိုးကွယ်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၀၈.၀၀) ဧက၊ တောင်ယာမြေ (၂.၀၀)ဧက နှင့်ဥယျာဉ်ခြံမြေ (၃၆၁.၀၀) ဧကနှင့် စုစုပေါင်း (၅၇၁.၀၀) ဧက ရှိပါသည်။ အိမ်ခြံမြေများ တွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာအသင့်အတင့် ကောင်းမွန် ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဝဲခမိ ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင် ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်းပြီး စည်းလုံးစွာ ဖြင့် ဆောင်ရွက် ကြပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာ၏ သာရေး၊နာရေးနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် လျှက်ရှိပါသည်။ ကျောင်းကော်မတီသည် ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာရေး၊ ကျန်းမာရေး နှင့်ငွေကြေးစသည့် အခက်အခဲများ မရှိစေရန် ကျောင်းဆရာ/မများနှင့် ပူးပေါင်းပြီး အလေးထားဆောင်ရွက်နေပါသည်။ မြစိမ်းရောင် ကျေးရွာစီမံကိန်း ကော်မတီမှ စာရင်းဇယားများပြုစုခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ဦးဆောင်ပြီး ကြိုးကြပ်ဆောင်ရွက်နေကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှု များသည် အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားခြင်း မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဝဲခမိကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၂၅) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၇) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၇) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၂) အိမ်ထောင်စု

စသည်တို့ရှိကြပြီး အဓိကအားဖြင့် ရော်ဘာခြံစိုက်ပျိုးရေးကိုသာ အားထားစိုက်ပျိုးကြပါသည်။ စပါးစိုက်တောင်သူ အနည်းငယ်သာရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၂၁၅)စု ရှိပါသည်။ ရော်ဘာစိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုတက်ကြသဖြင့် စိုက်ပျိုးရေးအတွက် နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရေလုံလောက်မှု အသင့်အတင့်ရှိပါသည်။ လယ်ဧကပိုင်ဆိုင်မှုနည်းပြီး စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၀) တင်းသာ ထွက်ရှိပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်သဖြင့် စပါးစိုက်ပျိုးရေးအတွက်လည်း နည်းပညာများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာ တစ်ဦးချင်းပိုင်ဆိုင်မှု မှာ ထွန်စက် (၂၃)လုံး၊ လက်တွန်းထွန်စက် (၆)၊ အစေ့ချကိရိယာ (၈)ခု၊ ရေစုပ်စက် (၂၆) ခြေနင်းရေတင်စက် (၆) လုံးနှင့်မြိတ်ရိတ်စက် (၅၀) လုံးသာရှိပါသည်။ စပါးစိုက်ပျိုးရာတွင် တစ်ဧကလျှင် ထွန်ယက်စိုက်ပျိုးပြီးသည့်အထိ ကျပ်(၄၀၀၀၀)ပေးရပါသည်။ ရိတ်သိမ်းချိန်တွင် ခလေ့အတိုင်းသာ လူဖြင့်လုပ်ကိုင်ဆောင်ရွက်လေ့ ရှိပါသည်။ ကျေးရွာတွင် လိုအပ်သည့် သွင်းအားစုနှင့်ဓါတ်မြေဩဇာများကိုလည်း ဝယ်ယူနိုင်ခြင်းမရှိပါ။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုများကိုလည်း ကျေးရွာမှ ထော်လာဂျီများဖြင့် (၁၇)မိုင်ခန့် ဝေးကွာသည့် သံဖြူဇရပ်မြို့သို့တင်ပို့ပြီး ရောင်းချ နိုင်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၇) စုရှိပြီး နွားကောင်ရေ (၁၃) ကောင်၊ အိမ်ထောင်စု (၄) စုရှိပြီး ကျွဲကောင်ရေ (၃၆) ၊ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၁၀) စုမှ ဆိတ်ကောင်ရေ (၈၁)ကောင်၊ အိမ်ထောင်စု (၆၄) စုမှ ဝက်ကောင်ရေ (၃၆၃) ကောင်၊ အိမ်ထောင်စု (၁၁၃) အိမ်မှ ကြက် (၄၇၅) ကောင်၊ အိမ်ထောင်စု (၁၂) အိမ်မှ ဘဲ(၅၈) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးကို လုပ်ကိုင်သည့် အိမ်ထောင်စု (၁၁၉)စုရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။ မွေးမြူရေးအား စီးပွားဖြစ်မွေးမြူနိုင်ရန် ငွေကြေးလုံလောက်ရန် လိုအပ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် လုပ်ကိုင်နေသည့် အိမ်ထောင်စု အလွန်နည်းပါးသည်။ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်သူမရှိပါ။ ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများ နှင့် လုပ်ကိုင်သူဦးရေရှိလာခြင်းကြောင့် လုပ်သားအင်အား ရှားပါးသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘက်မှ ချေးယူခြင်းများရှိပါသည်။ မိမိတို့ကျေးရွာတွင် မိတ်ဆွေနှင့် ဆွေမျိုးများ နှင်ငွေချေးပေးသူထံမှသာ ချေးယူကြပါသည်။ ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင် နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြ ရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြ ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (၆၇) စီး၊ မော်တော်ဆိုင်ကယ်(၂)စီး၊ (၁၇၄) စီး၊ သုံးဘီး(၂)ဘီး၊ ထော်လာဂျီ (၁၅) စီး၊ ကား (၁၀) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြု နေကြပါသည်။

ကျေးရွာတွင် ရွာတွင်းမြေသားလမ်းများသာရှိပြီး လမ်းနှင့် ကျေးရွာချင်းဆက်လမ်း လမ်းများရှိပါသည်။ ဝဲခမိ-လင်မသာ ကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်း များဖြစ်ပြီး လမ်းအခြေအနေကောင်းမွန်ခြင်းမရှိပါ။ ကုန်ထုတ်လမ်းတစ်လမ်းရှိပါသည်။ ၎င်းလမ်းများအား ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးပိုမို ကောင်းမွန် လာမည်ဖြစ်ပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စု (၂၆၆) စု ရှိပြီး ဆိုလာစနစ်ဖြင့် (၇၃) အိမ်ထောင်စု ၊ဒီဇယ်အင်ဂျင်ဖြင့်(၁၉)အိမ်ထောင်စုနှင့် အမျိုးအမည် ခွဲခြား၍ မရသော အိမ်ထောင်စု (၁၈) အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်ဓါတ်အား မဟာဓါတ်အားလိုင်း စနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၈၆) လုံး၊ ရေဒီယို (၉၃) လုံး၊ တီဗွီ (၉၀) လုံး၊ ဂြိုလ်တုစလောင်း (၄၃)လုံး စသည်ဖြင့် သတင်း အချက်အလက်များကို ကြည့်ရှု/နားဆင် ကြပါသည်။ ကျေးရွာအတွင်းတွင် Ooredoo တာဝါတိုင် ရှိပြီးဖုန်းလိုင်း ဆက်သွယ်ရန် အခက် အခဲများ မရှိပါ။

## ၆။ ပညာရေး

ကျေးရွာတွင် အထက်တန်းအဆင့်ပညာရေးထိ ပညာသင်ကြား ရပါသည်။ ကျောင်းဆောင် ထပ်မံပြီး အသစ်ဆောက်ရန်လိုအပ်ခြင်း၊ ကျောင်းသုံးကွန်ပျူတာများ လိုအပ်ခြင်း၊ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိခြင်းနှင့် ရပ်ဝေးမှ ဆရာ/မများ အတွက် ဝန်ထမ်းအိမ်ယာ လိုအပ်ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြ ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၄.၅၆) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၉.၉၃) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၁၃.၂၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၅.၀၇) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပါသည်။ ကာကွယ်ဆေးလာရောက်ထိုးနှံမှု ရှိပါသည်။ ပိုလီယို ရောဂါ ၊ အသည်းရောင်အသားဝါရောဂါ ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက် ရောဂါ စသည့်ရောဂါများ ကာကွယ်ဆေးများထိုးပေးမှုနှင့် တိုက်ကျွေးမှုများ ရှိပါသည်။ ကျန်းမာရေးအတွက် အခက်အခဲများ ရှိပါက သံဖြူဇရပ်မြို့ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ သောက်သုံးရေကို လက်တူးတွင်းနှင့် စိမ့်စမ်းရေကိုအဓိကထား အသုံးပြု

ကြပါသည်။ သောက်သုံးရေးအတွက် လုံလောက်မှုရှိရန် စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန်ဆောက်ရန် လိုအပ်ပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ် လက်စား ကျဘန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ် ထောင်စု များသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြား အိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ဝဲခမိကျေးရွာသည် သဘာဝတွင်းထွက်ပစ္စည်းများ မရှိပါ။ ကျောက်/သဲ၊ သဘာဝ အပင် မျိုးစိတ်နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။ မိုးရာသီနှင့် ရာသီကူးပြောင်းချိန် ကာလတွင် သွေးလွန်တုပ်ကွေး ရောဂါ အများဆုံး ဖြစ်ပွားလျှက်ရှိပြီး ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ တီဗွီရောဂါ၊ အသည်း ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ လူကြီးများတွင် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ အများဆုံးဖြစ်ပွားလျှက်ရှိပါသည်။ တိရိစ္ဆာန် ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်း ငယ် ရှိပါသည်။

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက် နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဝဲခမိ | | | ကျေးရွာအမည် - ဝဲခမိ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်  သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ် ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား -အလတ်စားစီးပွားရေးလုပ်ငန်း များဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SME | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၇ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက် များ ပြင်ဆင်ခြင်း။ | |
| ၈ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |

| | | | | |
|---|---|---|---|---|
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုးကာရံခြင်း (အရှည်၈၀၀'x အမြင့်၆ ' )။ | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန် (အလျား၆၀'x အနံ ၃၀ ' )။ | |
| ၁၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်သစ်ဆောက်ခြင်း (အလျား၁၃၀'x အနံ ၃၀ ' )နှစ်ထပ်ဆောင်။ | |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံး ကွန်ပျူတာအလုံး(၂၀)ရရှိရန်။ | |
| ၁၃ | ကျန်းမာရေး | ကျန်းမာရေးအခြေခံ အဆောက် အဦ | အိမ်သာခွက် (၁၁၈)ခု ထောက်ပံ့ပေးခြင်း။ | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုန်ထုတ်မြေသားလမ်း (၁၀၅၆၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဝဲခမိ-လင်မသာ ကျေးရွာချင်းဆက်လမ်း (၁၀၅၆၀'x ၁၂'x ၉") အား ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း။ | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်းအား(၁၀၀၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | တံတားဆောက်ခြင်း (၁၄'x ၂၂'x ၁၉ ' ) | |
| ၁၈ | အခြေခံအဆောက်အဦ | အခြေခံအဆောက်အဦ | ကျေးရွာစုရပ်ဆောင်ဆောက်ခြင်း (၁၂၀'x ၃၀'x ၁၆ ' ) | |
| ၁၉ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်း+ရေစက်ရုံ+ရေကန် တည်ဆောက်ခြင်း။ | |
| ၂၀ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလင်းစေရန် | |
| ၂၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အားကစားကွင်းပြုပြင်ခြင်းနှင့် အားကစားပစ္စည်းများ ပြည့်စုံစွာ လိုအပ်ခြင်း။ | |
| ၂၂ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။ | |

## ဝဲခမိကျေးရွာ၊ ဝဲခမိကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ကျော်သန်း | ဦးထွန်းဖြူ | | ၄၇ | နာယက | |
| ၂ | ဦးကျော်လယ် | ဦးထုံးလုံ | ၁၀/သဖရ (နိုင်)၁၀၄၃၃၁ | ၄၂ | ဥက္ကဋ္ဌ | |
| ၃ | ဒေါ်သန်းမြင့်ကြည် | ဦးအောင်သောင်း | ၁၀/သဖရ (နိုင်) ၁၅၄၄၅၀ | ၄၃ | အတွင်းရေးမှူး(၁) | |
| ၄ | ဦးဝင်းနိုင် | ဦးသင်းလှ | ၁၀/သဖရ (နိုင်) ၁၃၃၅၆၉ | ၃၁ | အတွင်းရေးမှူး (၂) | ၀၉၄၄၉၀၄၉၆၁၆ |
| ၅ | နန်းမြမြဝင်း | ဦးထွေး | ၁၀/သဖရ(နိုင်) ၁၇၆၆၇၅ | ၂၂ | ဘဏ္ဍာရေးမှူး | ၀၉၉၇၁၁၄၆၃၇၄ |
| ၆ | ဦဝေလွင်ဦး | ဦးဝင်းကြည် | ၁၀/သဖရ(နိုင်)၁၀၃၉၆၁ | ၃၃ | စာရင်းကိုင်(၁) | ၀၉၉၀၈၅၉၅၅၇၂ |
| ၇ | ဒေါ်သီတာသန်း | ဦးအောင်ချစ်စိန် | | ၃၈ | စာရင်းကိုင်(၂) | |
| ၈ | ဦးအောင်မျိုးသူ | - | | ၂၅ | အဖွဲ့ဝင် | |
| ၉ | ဦးအောင်ဝင်းဌေး | ဦးမောင်နယ် | ၁၀/သဖရ(နိုင်)၁၅၂၈၀၇ | ၂၅ | အဖွဲ့ဝင် | |
| ၁၀ | ဦးဝင်းခိုင်ကျော် | ဦးဖားပိန် | ၁၀/သဖရ(နိုင်)၁၇၃၆၂၀ | ၂၀ | အဖွဲ့ဝင် | |
| ၁၁ | ဦးဇင်ထက်သွေး | ဦးသိန်းထွန်း | ၁၀/သဖရ(နိုင်)၁၇၃၆၂၀ | ၂၄ | အဖွဲ့ဝင် | |
| ၁၂ | ဦးသိန်းဇော်ဝင်း | ဦးသိန်းထွန်း | | ၂၀ | အဖွဲ့ဝင် | |
| ၁၃ | နန်းရီလှဌေး | ဦးပြည်ထွန်း | | ၄၁ | အဖွဲ့ဝင် | |
| ၁၄ | နော်ယုယု | ဦးအုန်းရွှေ | ၁၀/သဖရ(နိုင်)၁၀၃၉၅၉ | ၃၅ | အဖွဲ့ဝင် | ၀၉၉၇၉၅၈၁၂၄၇ |
| ၁၅ | ဒေါ်မြဝင်း | - | | | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၇ | ၁၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၃ | ၃၂ | ၈၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၉၄ | ၈၂ | ၁၇၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၉၄ | ၁၆၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၄ | ၄၆၁ | ၈၅၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၃၉ | ၆၃ |
| **စုစုပေါင်း** | | **၆၄၅** | **၇၁၅** | **၁၃၆၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၆၆** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိကျေးရွာသည် အိမ်ထောင်စု (၂၆၆) စု၊ လူဦးရေ (၁၃၆၀) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၂၅)%၊ မူလတန်းကျောင်းသားအရွယ် (၆.၂၅)%၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၉၄)%၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၆၃%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၀.၄၄)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၃၉၄) ဦး၊ မ (၄၆၁) ဦး စုစုပေါင်း (၈၅၅) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၂.၈၇)% ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၁၁)ဦးနှုန်းသာ ရှိခြင်းကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းနှင့် ကိုက်ညီမှု ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၆ | ၅၀ | - | မြင့် ✓ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇ | ၂၇ | - | မြင့် ☐ လတ် ☐ နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၉ | | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | - | မြင့် ☐ လတ်☐ နိမ့် |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | - | မြင့် ✓ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၂၉ | ၅၄ | ၄၁ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၁၂ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၆၆ | ၁၄၆ | ၃၄၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများပြားသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် အိမ်ထောင်စုများ ရှိပါသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် အိမ်ထောင်စု နှင့် လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများနှင့် ကျဘန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ လည်းရှိပါသည်။ ပြည်တွင်း / ပြည်ပသို့ သွားရောက် လုပ်ကိုင်ကျသည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တက်ကျွမ်းမှု မရှိသဖြင့် အလုပ်အကိုင် အခွင့် အလမ်းများ အလွန်ရှားပါးပြီး စီးပွားရေးကဏ္ဍတွင် လွန်စွာအားနည်းလျှက် ရှိသည်ကို တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၄၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၃၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် စိုက်ပျိုးရေးနှင့်ရော်ဘာခြံလုပ်ငန်းများသာ အဓိက လုပ်ကိုင် လျှက်ရှိရာ ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်တွင်း/ပြည်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသော ကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၀၈ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၆၁ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၇၁** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူ ရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိကျေးရွာတွင် လယ် (၂၀၈) ဧကမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပြီး၊ တောင်ယာ(၂)ဧကနှင့် ရော်ဘာခြံ (၃၆၁) ဧက မှာမြေဆီလွှာ အရည်အသွေးကောင်းမွန်ပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝတွင်းထွက် ပစ္စည်းဖြစ်သည့် ကျောက်အနည်းငယ် ထွက်ရှိပြီး အသုံးချရာတွင် လွယ်ကူမှု မရှိပါ။ အပင်မျိုးစိတ် နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။ အသုံးချနိုင်မှု အသင့်အတင့် ရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ဧကမှ၁၂.၅ ဧကအထက် | ၂.၅ ဧကမှ၁၂.၅ ဧကကြား | မရှိ | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ်၊ | ဆိုင်ကယ် | မရှိ |
| အမိကစီးပွားရေး လုပ်ငန်း | ရော်ဘာခြံနှင့် သယ်ယူပို့ဆောင်ရေး | ရော်ဘာခြံ အိမ်ထောင်စု (၃၅)စုသည် | ရော်ဘာခြံနှင့် ကြုံရာကျပန်း | ကြုံရာကျပန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| | | ခြံမြေမရှိပါ | | |
| **အိမ်ထောင်စု** | **၁၈** | **၆၈** | **၁၅၈** | ၂၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၁)စု သည် ခြံမြေဧကပိုင်ဆိုင်မှုများပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်ခြံလုပ်ငန်းလုပ်ကိုင်သည်။ အလယ်အလတ်ရှိ သော အိမ်ထောင်စု(၇)စုသည် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိ ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ခြံလုပ်ငန်း လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများ (၁၂၆)စုသည် စိုက်ပျိုးရေးလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်း၊ အခြားကြုံရာကျဘန်းလုပ်ငန်းများကို အငှားလုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ✓<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများသည် မိတ်ဆွေ / ဆွေမျိုးများထံမှ (၆လ မှ ၁၂လ ထိ) စားသုံးရန်အတွက် ချေးယူရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိ ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများမရှိပါ။ ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ✓ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိကျေးရွာသည် အဆင်မပြေသော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူလုံမှုအတွက် ထိခိုက်မှုများ မရှိပါ။ ရာသီ ကူးပြောင်းမှုများတွင် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဂက်တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု နှင့် ပြည်တွင်း ပဋိပက္ခ များ ဖြစ်ပွားမှု မရှိပါ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိကျေးရွာတွင် လူငယ်အများစုသည် ကျန်းမာရေးနှင့်ပတ်သက် သည့် ဆေးပညာဆိုင်ရာအသိပညာ နည်းပါးခြင်းရှိပါသည်။ရွှေ့ပြောင်းလုပ်သားများမှာ အသက်မွေး ဝမ်းကျောင်း ပညာရပ်တက်မြောက်မှု မရှိသဖြင့် မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်းကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့်

အိမ်ထောင်စု များမှာလည်း ထိခိုက်သက်ရောက်နိုင်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✓ ၃☐ | ၃ | – | ၃ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၂ | ကျောင်းကော်မတီ | ၁☐ ၂✓ ၃☐ | ၇ | | ၇ | ပညာရေး ✓ ငွေကြေး ✓<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | ကျေးရွာ လူငယ်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁၀ | ၃ | ၁၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | မြစိမ်းရောင် အဖွဲ့ | ၁☐ ၂✓ ၃☐ | ၂ | ၅ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိ ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး ပါဝင် ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်းပြီး စည်းလုံးစွာ ဖြင့် ဆောင်ရွက်ကြပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာ၏ သာရေး၊နာရေးနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် လျှက်ရှိပါသည်။ ကျောင်းကော်မတီသည် ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများပညာရေး၊ ကျန်းမာရေး နှင့်ငွေကြေးစသည့် အခက်အခဲများ

မရှိစေရန် ကျောင်းဆရာ/မများနှင့် ပူးပေါင်းပြီး အလေးထား ဆောင်ရွက်နေပါသည်။ မြစိမ်းရောင် ကျေးရွာစီမံကိန်းကော်မတီမှ စာရင်းဇယားများပြုစုခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးဆောင်ပြီး ကြိုးကြပ်ဆောင်ရွက်နေကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများ သည် အသင့်အတင့် ကောင်းမွန်ပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။** ။ ဝဲခမိကျေးရွာတွင် ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်မှုများ မရှိသည်ကို လေ့လာတွေ့ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

